# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

## ဒသမနေ့ အစီအစဉ်

## [ ၁၅-၁၀-၂၀၁၃] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမောင်ညို၊ စစ်တွေ မဲဆန္ဒနယ်၏ **တိုင်းဒေသကြီး၊ ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနှင့် ဒေသများတွင် ကိုးကွယ်သည့် ဘာသာနှင့် လူဦးရေကို တွဲ၍ဖော်ပြရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသန်းဝင်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် ခုတင် (၅၀)နှင့် (၂၅)ခုတင် မြို့နယ်ဆေးရုံ မည်မျှရှိ၍ လက်ထောက် ဆရာဝန်များအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးတင်လှိုင်၊ ကလေး မဲဆန္ဒနယ်၏ **ကလေးခရိုင်၊ ခုတင်(၂၀၀) ဆေးရုံကြီးတွင် သမားတော်ကြီး(ဖျားနာ)၊ လ/ထဆရာဝန် (ဖျားနာ) (၂)ဦးနှင့် မျက်စိအထူးကု ဆရာဝန်ကြီး၊ ဓာတ်မှန်ဆရာဝန် (၁)ဦး ထပ်မံခန့်ထားပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးကျော်မြင့်၊ နောင်ချို မဲဆန္ဒနယ်၏ **မျက်ချင်းနကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **ကျန်းမာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် သွားဘက်ဆိုင်ရာ ပစ္စည်းကိရိယာများအား ခေတ်မီပစ္စည်းများဖြင့် အစားထိုး ဆောင်ရွက်ရန်နှင့် အမရပူရ မြို့နယ် ပြည်သူ့ဆေးရုံကြီးအား (၂၅)ခုတင် စံကိုက်ဖြစ်စေရေး လိုအပ်သော ဆရာဝန်များ ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးသောင်းဟန်၊ ယင်းမာပင် မဲဆန္ဒနယ်(ကိုယ်စား) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ယင်းမာပင်မြို့ ဆေးရုံအား ခရိုင်အဆင့်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"သတင်းမီဒီယာ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း။

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၁ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။